



မူလနန်းဦးအောင်သိဒ္ဓိစေတီပုံတော်

## အမိုးဖွင့်လျှက်ရှိသော နန်းဦးအောင်သိဒ္ဓိစေတီပုံ

နန်းဦးအောင်သိဒ္ဓိစေတီတော်မြတ်သည် ရန်ကုန်မြို့ မှမိုင် (၃၀)ခန့် ဝေးကွာသောရန်ကုန်ပဲခူး လမ်းမပေါ်ရှိ လှည်းကူးမြို့ ပေါ်တွင်တည်ရှိပါသည်။ အတိအကျလမ်းညွှန်ရပါလျှင်-----

လှည်းကူးမြို့ လယ်လှည်းကူးဈေးရှေ့ ရှိပန်းခြံနှင့်မျက်နှာချင်းဆိုင် တဖက်ခြမ်းရှိရုံးဟောင်း လမ်းထိပ်မှ ဆိုက်ကားဖြင့်(၁၅)မိနစ်ခန့် စီးသွားလျှင် မေဃဝတီရပ်ကွက် အဆုံးမှတဆင့်မေဃဝတီကွက်သစ်(ရိပ်သာရပ်ကွက်)ကိုဖြတ်ကာမြို့ ကြီးကုန်းရွာထိပ်သို့ ရောက်မည်၊၊မြို့ ကြီးကုန်း ရွာလယ်လမ်းမှတဆင့် (၁၀)မိနစ်ခန့် လမ်းလျှောက်သွားလျှင်နန်းဦးအောင်သိဒ္ဓိစေတီသို့ ရောက်မည်။ နန်းဦးအောင်သိဒ္ဓိစေတီတော်မြတ်သည် မြို့ ကြီးကုန်းရွာသူရွာသားများနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာများမှရွာသူရွာသားများ လာရောက်ကုသိုလ်ပြုရာ အဓိဌာန်ပြုရာသာသနာအောင်မြေတစ်ခုဖြစ်သည်။

နန်းဦးအောင်သိဒ္ဓိစေတီတော်၏ အထုပ္ပတ္တိကို တိတိကျကျ ပြောပြနိုင်သူသက်ကြီးရွယ်အိုရွာသူရွာသားများမရှိကြတော့သော်လည်း လက်လှမ်းမှီသရွေ့ လေ့လာထားချက်များ တင်ပြရလျှင်--- နန်းဦးအောင်သိဒ္ဓိသာသနာမြေတဝိုက်တွင် စိမ်းလန်းစိုပြေနေသော စပါးခင်းကြီးကမြကဗ္ဗလာပုဝါ လွှမ်းခြုံထားသလို နန်းဦးစေတီတော်နှင့် ပဏာတင့်လှပေသည် ဝန်းရံနေသော ထန်းပင်ထန်းတောများကလည်း အညာကျေးလက်ဒေသမှရှု့ မငြီးနိုင်သည့် ပန်းချီကားတစ်ချပ်ပင်----

၁၉၈၉-၉၀ ခန့် အထိကျောင်းအိုကျောင်းပျက် ဘုရားပြိုဘုရားပျက် အနေအထားအတိုင်း ရှိခဲ့ပြီး၊ ပြုပြင် ထိမ်းသိမ်းသူမဲ့ဖြစ်ခဲ့ရသည် ။၊ဆွမ်းစားဆောင်ပေါ်တွင်ထန်းကျဉ်တောက်များ တန်းတက်သမားများ၏ အသုံးအဆောင်များနှင့် ပြည့်နှက်နေပြီး နန်းဦးစေတီဘုရားကုန်းတော်ပေါ်တွင်လည်း နွားသတ်ကုန်းသဖွယ် ဖြစ်နေသည် နန်းဦးအောင်သိဒ္ဓိ သာသနာမြေပရဝုဏ်အတွင်း ဒုစရိုက်သမားများ စတည်းချရာနေရာတစ်ခုအဖြစ် စိတ်မကောင်းဘွယ်ဖြစ်နေခဲ့သည်။ ယခင်ကအောင်သိဒ္ဓိဘဂဝါစေတီ ဟု အမည်ရှိခဲ့ရာမှ ဆရာတော်အားဆိုင်ရာပုဂ္ဂိုလ်များအကြောင်းပြု သဖြင့်နန်းဦးအောင်သိဒ္ဓိစေတီဟု ဘွဲ့ အမည်ပြောင်းလဲ ခဲ့ရပေသည်။

# နန်းဦးအောင်သိဒ္ဓိသာသနာ့အောင်မြေသွားရန်လမ်းညွှန်



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နေ့စဉ်ညတိုင်း **အောင်သိဒ္ဓိဘဂဝါစေတီတော်** နှင့်စပ်လျဉ်း၍

ပြု့ခဲ့သမျှ ကုသိုလ်တွေကို အသစ်တဖန် ထပ်မံ အောင်းမေ့ပွားများ

အာရုံဝင်စားကြရန်အတွက်

ဒဂုံပ ဆရာတင်၏ တပည့် ပုညခင် စီစဉ်ရေးသားသော

# အောင်သိဒ္ဓိဘဂဝါ ဘုရားရှိခိုး

(မော်ကွန်းတော်ကြီး)

(သာသနာသက္ကရာဇ် ၂၅၄၃ ခုနှစ် တပေါင်းလပြည့်)

**********************

အစိန္တေယျ၊ အစိန္တေယျ ၊ နှိုင်းဆတုမသိ ၊ ကျေးဇူးရှိသည့် ၊ မုနိသကျ ၊ ဂေါတမဟု မြတ်စွရှင်ထီး ပြည်ကြီးနိဗ္ဗာန် ၊ စံသည့်နှစ်မှ ၊ ကာလမြင့်ခေါင် ၊ ထွက်ကြုံးဆောင်သော် ၊ နှစ်ထောင်ကျော်သာ၊ လေးရာကုန်ဆုံး ၊ ကိုးဆယ့်သုံးတွင် မြို့ကြီးကုန်းမြောက် ၊ မို့မောက်ကုန်းတန်း ၊ ပင်ထန်းဝိုင်းရက်၊ ရှေးဆက်မြင့်ရှည် ၊ မင်းဖျားတည်သည့် ၊ စေတီတော်မှာ ဘုန်းတော်ကံညီး ၊ချုံမိုးပျက်ပြို ၊ ငုံးငုံးတို၍ နှုတ်ဆိုမိဠာန် ၊ ပြင်ရန်ဆုမှီး ၊ ပုတီးလက်ထား ၊ ကိုးပါးသီလ၊စောင့်ကြလျှုဒါန်း ၊ ရေ ပန်းဆီမီး ၊သစ် သီးဆွမ်းတော် ၊ ပူဇော်ထိုထို ၊ သစ္စာဆိုလျှက် ၊ ရှာလုံးထွက်၍ ၊ တောင်းရွက်ပိုးသယ် ၊ ခဲဖယ်မြေညို ၊ စိတ်ရှိလက်ပါ၊ရှင်းလင်းရာဝယ်၊ *မြတ်စွာခေါတ်ရှစ် ၊ ကြုပ်ဖြင့်ဆန်းစွာ ၊ရဟန္တာခေါတ်* ၊ ရေမှတ်တွက်ကြ နှစ်ရာ့ကိုးဆယ် ၊ တသွယ်ငါးဆူ ၊ အတူဖူးမျှော် ၊ သတင်းကျော်၍ ၊ ဝေးသော်ရပ်နီး မြေးနှင့်ဘိုးဘွား သားနှင့်မိဘ ၊ နှမနှင့်မောင် ညီနောင်မကြွင်း ၊ ဖူးခြင်းရက်ဆက် ၊ တိုးတက်လှူဒါန်း ၊ ရောင်ချီသန်း ကြောင့် ၊မှန်းသည်ထက်ကြော် ၊ ဉာဏ်တော်တိုးမြင့် ၊တန်ခိုးပွင့်၍ ၊ ဆင့်ဆင့်မံစီ ၊ တည်ဖြစ်အောင်ဖန် ကြံစီတိုင်းရ ၊ထူးလှတေဇော် ၊ စေတီတော်ဝယ် ၊ခါတ်တော်စုံကို ၊ သင်း ထုံသိုက်မြိုက် ၊ ရွှေကြာတိုက် ဌ ၊ ပျော်ပိုက်စေပြီး ၊အောင်ကြီးအောင်မှု ၊အောင်ဆုရည်လောင်း ၊အောင်ဆုတောင်း၍ ၊ အောင်ကြောင်း အရှည် ၊အောင်စေတီကို ၊ မှည့်မည်ထွင့်ထိပ် *အောင်သိဒ္ဓိဘဂဝါ* ဘွဲ့သညာဖြင့် ၊ နောင်လာနောက်သား ထင်းရှားဖူးစေ ၊တည်ခဲ့ပေ၏၊ကြက်သရေထင်း ၊ဘုန်းရောင်လင်းသား ၊အောင်ခြင်းထပ်ဆင့်၊ အောင်လံ လွှင့်၍ ၊တင့်တင့်ဖွယ်ဖွယ် ၊ကြီးငယ်မကျန် ၊ဝိုင်းရံထပ်ထပ်၊လှည့်ပတ်ပူဇော် ၊ ရည်ရော်စိတ်ရှင်၊ အောင် သဘင်ကို ၊ ဆင်ယင်ကျင်းပ ၊ ထက်စွသဒ္ဓါ ၊ ပြည်ရွာအေးစေ ၊ မေတ္တာရေလောင်း ၊ ဆုမွန်တောင်း၍ ၊ တပေါင်းလပြည့် ၊ထိန်ပေ့ရောင်ချီ ၊နေ့လည်ကိုးချက် ၊ နေအတက်တွင် ၊ တွဲ ဘက်ပြုပြင် ၊ *ပုညခင်က* ထီးတင်လှူသော် ၊တင်ပူဇော်ခဲ့ ၊ခါတ်တော်ကိန်းဝပ် ၊အထွဋ်ခေါင်ဖြား ၊မြတ်ဘုရားကို ၊တည်ထားခုလို ပြုကုသိုလ်ကြောင့် ၊ ထိုထိုသိဒ္ဓိ ၊ ရှိရှိသမျှ ၊ ပြည့်ဝစုံစေ ၊ပြည်ရွှေနိဗ္ဗာန်၊ အမှန်ဒေါက်လျှောက် ၊ ဧကန် ရောက်ရပါစေသော်။

သဗ္ဗညုမြတ်ရှင်စော ၊ ဩကာသ ဩကာသ ။

ကျက်မှတ်ပြီးသည့်နောက် မှန်ဘောင်သွင်း၍သော်ငှင်း ၊

စက္ကူကပ်ပြားထူထူတွင် ကပ်၍သော်ငှင်း ၊ချိပ်ဆွဲထားကြပါ။

**အောင်သိဒ္ဓိဘဂဝါစေတီတော်။**

ဗုဒ္ဓအကျိုးဆောင်အဖွဲ့ ရေးသူ–ပုညခင်

အောင်သိဒ္ဓိဘဂဝါထီးဒါယကာ

ဦးလှသော် ၊ဒေါ်သန်းရင် မိသားစုမှ “ဓမ္မဒါန” ပြုပါသည်။

၁၃၆၀ ခုနှစ် ၊တပိုတွဲလ *JANUARY 2000*